
စိတ်ကူးချိုချိုအနုပညာ




# အံ့ဖွယ် ဂမ္ဘီရပုံပြင်များ

(တရုတ်ပုံပြင်များ)

မောင်ခေတ်ထွန်း

ဒုတိယအကြိမ်



# အံ့ဖွယ်
# ဂမ္ဘီရပုံပြင်များ

(တရုတ်ပုံပြင်များ)

**မောင်ခေတ်ထွန်း**

KHIT0019

1,000.00 KS

mgyoe.com

အံ့ဖွယ်ဂမ္ဘီရပုံပြင်များ။ မောင်ခေတ်ထွန်း
စာမျက်နှာ ၁၁၆ မျက်နှာ၊ ၁၂·၈စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း၊
၂၀၁၇၊ မတ်လ၊ ဒုတိယအကြိမ်၊ ၂၀၀၄ ဖူးပွင့်ဝေဝေစာအုပ်တိုက်၏ပထမအကြိမ်မူ၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အံ့ဖွယ်ဂမ္ဘီရပုံပြင်များ
# မောင်ခေတ်ထွန်း

မြန်မာပြန်

ဒုတိယအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ


၁။ စာကြမ်းပိုးနှင့် ထူးဆန်းသော မိန်းကလေး ၁

၂။ လူထူးလူဆန်းနှင့် ကြမ္မာဆိုးကျောက်တုံး ၁၉

၃။ မကောင်းဆိုးဝါးကောင်ကြီး ကြောက်လန့်ရသူ ၃၅

၄။ မြွေအလမ္ပာယ်ဆရာနှင့်
ထူးဆန်းသော မြွေကြီးနှစ်ကောင် ၄၄

၅။ မိန်းမချောနှင့် မို့စ္ဆာကောင် ၅၄

၆။ တမလွန်ဘဝမှ ထူးဆန်းသောမိန်းမချောလေးနှင့်
အံ့ဖွယ်စားအိတ်ကလေး ၆၇

၇။ ပဉ္စလက်ဆရာကြီးနှင့်
ထူးဆန်းသော ကြိုးတစ်ချောင်း ၉၁

၈။ လူထူးလူဆန်းများနှင့် လှပတိုင်းပြည် ၁၀၀




mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

## စာကြမ်းပိုးနှင့် ထူးဆန်းသော မိန်းကလေး

*ဤယခုဝတ္ထု ရေးသားသူမှာ မင်မင်းဆက် နောက်ဆုံးနှင့် ချင်မင်းဆက် အစပြုသည့်ကာလ ၁၇ ရာစုအလယ်လောက်က တရုတ်ပြည်တွင် ထင်ရှားခဲ့သူပညာရှိကြီး "ပိုးချောင်လင်း" (Po Chung Ling) ၏လက်ရာတစ်ပုဒ် ဖြစ်သည်။*

*ပိုးချောင်လင်း ရေးသားခဲ့သည့် "လျူချိုင်ချီရီ" တရုတ်ဂန္ထဝင် (Lui Chai Chi Yee) ကျမ်းတွင် ဝတ္ထုတိုရှည်ပေါင်း ၄၀၀ ခန့် ပါဝင်သည်။*

*အတွဲ ၁၆ တွဲရှိသည်။*

*သူရေးသားသော ဝတ္ထုအားလုံး၏တူညီသောအချက်မှာ ဝတ္ထုများသည် "သဘာဝလွန်" (Supernatural) ဝတ္ထုများဖြစ်နေခြင်းပင်။ ဤသည်မှာ ထူးခြားသော အချက်ဖြစ်သည်။ တချို့ဝတ္ထုများမှာ တစ္ဆေများ၊ နာနာဘာဝများနှင့် နာမ်လောက အကြောင်းများဖြစ်၍ တချို့ဝတ္ထုများမှာ ၎င်းတို့နှင့် မသက်ဆိုင်ကြပေ။ သို့သော် အားလုံးမှာ ထူးဆန်းဖွယ်၊ အံ့သြဖွယ်ချည်း ဖြစ်သည်။*

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


*သို့သော် "ပိုးချောင်လင်း" ၏ဘဝအကြောင်းကို သိရှိသူမှာ အလွန်နည်းသည်။ ဝတ္ထုများကို မည်သည့်အချိန်တွင် ရေးသားခဲ့သည်ဆိုသည်ကိုလည်း မည်သူမှ သေချာစွာ မသိရှိကြပေ။ တချို့ဆိုလျှင် သူ့ဝတ္ထုများကိုပင် မဖတ်ဖူးကြ၊ မကြားဖူးကြပေ။*

*ယခု "စာကြမ်းပိုးနှင့် ထူးဆန်းသော မိန်းကလေး" ဝတ္ထုမှာ ပိုးချောင်လင်း၏ "Lui Chai Chi Yee" တရုတ်ဂန္ထဝင်ကျမ်းမှ ဝတ္ထုများကို "Benjamin Chia" အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုသည့် "Chinese Tales of the Supernatural" စာအုပ်မှ "The Book Worm" ကို ပြန်ဆိုထားခြင်း ဖြစ်ပါသည်။]*

လောင်ယောက်ချူ၏ဖခင်သည် စာအုပ်များကို လွန်စွာ နှစ်သက်မြတ်နိုးသူ ဖြစ်သည်။ ဖခင်ကွယ်လွန်သောအခါ သူ့သား လောင်ယောက်ချူသည် ဖခင်ပိုင်ဆိုင်သည့် အိမ်နှင့် ဖခင် စွဲလမ်းကြိုက်နှစ်သက်ခဲ့သည့် စာအုပ်များကို အမွေအဖြစ် ရရှိလိုက်သည်။

အိမ်ကြီးမှာ ကြီးမားကျယ်ဝန်း၍ စာအုပ်များမှာလည်း နေရာအနှံ့၊ အိမ်ကြီးထဲတွင်လည်း လောင်ယောက်ချူ တစ်ယောက်တည်း။ သူသည် ဘဝတွင် စာအုပ်ဖတ်ရှုခြင်းထက် ပိုမိုအရေးကြီးသည့် အရာများရှိနေသည်ဆိုသည်ကို မစဉ်းစားမိချေ။ သူသည် ဘာအလုပ်မှမလုပ်ဘဲ ဖခင်ကျန်ရစ်ခဲ့သော ငွေကြေးများကို သုံးစွဲကာသာ နေခဲ့သည်။ မကြာမီ ငွေများ အားလုံးကုန်သွားသည်။ ဘာလုပ်ရမှန်း မသိတော့။

နောက်ဆုံးတွင် လောင်ယောက်ချူသည် အစားအစာများ ဝယ်ယူရန်အတွက် စာအုပ်များမှလွဲ၍ တွေ့ရှိသမျှ ပစ္စည်းများကို ရောင်းချသည်။

mgyoe.com

mgyoe.com


သူ့ဖခင် အသက်ထင်ရှားရှိစဉ်က ဖခင်ဖြစ်သူက သူ့သား အတွက် မှတ်သားစရာ စကားနှစ်ခုကို ရေးပေးသွားခဲ့သည်။ ထို စကား၏အဓိပ္ပာယ်ကိုလည်း သေချာနားလည် သဘောပေါက်အောင် လေ့လာရန်ကိုလည်း အားပေးအားမြှောက်ပြုခဲ့သည်။ ထိုစာမှာ–

"စာအုပ်များထဲတွင် ရွှေအိမ်လေးတစ်လုံး ရှိသည်။ စာအုပ် များထဲတွင် မျက်နှာမအိုသည့် အပျိုချောကလေးတစ်ယောက် ရှိသည်" ဖြစ်သည်။

သူ့ဖခင်သည် အဆိုပါစာကို ပိုးသားပေါ်တွင် ရေးသားသွား ခြင်း ဖြစ်သည်။ လောင်ယောက်ချူသည် ထိုစာကို သိပ်အလေး အမြတ်ထားသည်။ ထိုစာကို အမြဲမြင်နိုင်အောင် သူ့စားပွဲခုံရှေ့ အပေါ်တွင် ချိတ်ဆွဲထားပြီး မပျက်စီးအောင် ဂရုစိုက်သည်။

လောင်ယောက်ချူက ပိုးသားပေါ်တွင် ရေးပေးသွားသည့် သူ့ဖခင်ကြီး၏စကားကို ယုံကြည်သည်။ သံသယလုံးဝမဖြစ်။ တစ်နေ့ တွင် သူ့ဖခင်ကြီးစကားအတိုင်း ရွှေအိမ်ကလေးတစ်လုံးနှင့် အပျိုချော လေးတစ်ယောက်ကို အမှန်ပင် တွေ့ရလိမ့်မည်ဟု ယုံကြည်နေသည်။

တစ်နေ့တွင် လောင်ယောက်ချူသည် စာအုပ်ပုံတစ်ပုံထဲတွင် ကစားစရာ ရွှေရောင်အိမ်ကလေးတစ်ခုကို တွေ့ရှိလေသည်။ သူ သည် ရွှေရောင်အိမ်ကလေးကိုတွေ့သည့်အခါ အတော်စိတ်လှုပ် ရှားသွားသည်။

"အဖေ့စကား မှန်နေပြီ။ စာအုပ်တွေထဲမှာ ရွှေအိမ်ကလေး ကို အမှန်တကယ် တွေ့ပြီ"

သူ့ကိုယ်သူ ပြောနေမိသည်။

ယခုအချိန်တွင် သူသည် ငွေသိပ်လိုနေသည်။ ထို့ကြောင့်

mgyoe.com

mgyoe.com


ကစားစရာအိမ်ကလေးကို ရောင်းဖို့ ကြိုးစားခဲ့သည်။ သို့သော် ကစားစရာ ရွှေရောင်အိမ်ကလေးမှာ ရွှေအစစ်ဖြင့် ပြုလုပ်ထားသော အိမ်ကလေးမဟုတ်၊ ထို့ကြောင့် တန်ဖိုးမရှိ။ ထို့ကြောင့် သူသည် စိတ်အလွန်ပျက်သွားပြီး အိမ်ကလေးကိုယူကာ အခန်းထောင့်တွင် ပစ်ထားလိုက်သည်။ ရွှေရောင်အိမ်ကလေးကိုလည်း စိတ်ထဲ မေ့ပျောက်ပစ်လိုက်သည်။

ဆောင်းလယ်ပွဲတော်မတိုင်မီ တစ်နေ့တွင် သူ့ဖခင်၏မိတ်ဆွေတစ်ဦးသည် စာအုပ်များ ငှားရမ်းရန် သူ့ဆီသို့ ရောက်ရှိလာသည်။ အဆိုပါ မိတ်ဆွေကြီးသည် အခန်းထောင့်တွင် ပစ်ထားသော ရွှေရောင်အိမ်ကလေးကို တွေ့မြင်သွားပြီး စိတ်ဝင်တစား ကိုင်တွယ်ကြည့်ရှုလေသည်။

"ဒီရွှေရောင်အိမ်ကလေးဟာ သိပ်တန်ဖိုးရှိတဲ့ အနုပညာပစ္စည်းတစ်ခုပဲ။ ဦးလေးဟာ ကစားစရာအိမ်ကလေးတွေကို စုဆောင်းနေသူ ဖြစ်တယ်။ ဦးလေး ဘဝတစ်လျှောက်လုံးရှာနေတာ ဒီပစ္စည်းလေးပဲ။ အခုတော့ ဒီပစ္စည်းလေးကို မျက်ဝါးထင်ထင် တွေ့မြင်ရပြီ၊ ဦးလေး သိပ်ဝမ်းသာတာပဲ" ဟု ဖခင်၏မိတ်ဆွေက အားရပါးရ ပြောလေသည်။

ထိုအခါ လောင်ယောက်ချူက–

"ဒီအိမ်ကလေးကို ဦးလေး သိပ်လိုချင်တယ်ဆိုရင် ယူသွားလေ" ဟု ပြန်ပြောလေသည်။

သူ့ဖခင်၏ မိတ်ဆွေကြီး၏မျက်စိသည် ဝင်းလက်သွားပြီး–

"ငါ့တူ တကယ်ပြောတာလား" ဟု သူ့နားကိုပင် မယုံကြည်စွာဖြင့် လောင်ယောက်ချူကို ပြန်မေးလေသည်။

mgyoe.com

mgyoe.com

"တကယ်ပြောတာပါ၊ ဒီအိမ်ကလေးဟာ ကျွန်တော့်အတွက် ဘာမှအသုံးမဝင်ပါဘူး"

လောင်ယောက်ချူက ပြောလိုက်သည်။

သူ့ဖခင်၏မိတ်ဆွေ အဘိုးအိုသည် ဝမ်းသာလွန်း၍ လာရင်းကိစ္စကို မေ့သွားသည်။ အဘိုးအိုသည် ကစားစရာအိမ်ကလေးကို ရင်သွေးငယ်ကို ပွေ့ပိုက်သကဲ့သို့ ညင်သာစွာ ပိုက်ယူလိုက်သည်။ ထို့နောက် အဘိုးအိုသည် သိပ်ဝမ်းသာနေ၍ နှုတ်ဆက်ဖို့ပင် မေ့သွားကာ ထွက်ခွာသွားလေသည်။

နောက်တစ်နေ့တွင် အဘိုးအိုသည် လောင်ယောက်ချူထံသို့ ရွှေရောင်အိမ်ပေးလိုက်သည့်အတွက် ပြန်လည်တုံ့ပြန်သောအားဖြင့် ငွေဒင်္ဂါးသုံးရာနှင့် မြင်းနှစ်ကောင်ကို လက်ဆောင်အဖြစ် ပြန်လည်ပေးပို့လိုက်လေသည်။


"စာအုပ်တွေထဲမှာ ချမ်းသာမှုတွေ တွေ့ရလိမ့်မယ်ဆိုတာ ငါသိပြီ။ မြင်းနှစ်ကောင်နှင့် ငွေဒင်္ဂါးသုံးရာဆိုတာ တန်ဖိုးသိပ်များတယ်။ အခု ငါ ချမ်းသာပြီ" ဟု လောင်ယောက်ချူသည် ဝမ်းသာအားရ ကြုံးဝါးလေသည်။

ထိုအခါမှစ၍ လောင်ယောက်ချူသည် သူ့ဖခင်ကြီး၏ စကား နှစ်ခွန်းကို ပို၍ခိုင်မြဲစွာ ယုံကြည်သွားပြီး အချိန်များစွာ ပေး၍ စာအုပ်များကို ဖတ်လေတော့သည်။

ထိုသို့ဖြင့် လောင်ယောက်ချူသည် အချိန်တန် အရွယ်ရောက်၍ အိမ်ထောင်ပြုဖို့ အချိန်ကျရောက်လာခဲ့လေပြီ။ သို့သော် သူ့တွင် အိမ်ထောင်ပြုရန် ရည်မှန်းထားသူ မရှိသေးချေ။ လူတွေက သူ့အား အိမ်ထောင်ပြုဖို့ တိုက်တွန်းကြသည်။

mgyoe.com

m·gyoe.com

ထိုသို့ပြောလာတိုင်း လောင်ယောက်ချူက သူ့ကိုယ်ကို ယုံကြည်စိတ်ချစွာဖြင့်–

"ကျွန်တော့် ဖခင်ကြီးပြောတဲ့စကားရှိတယ်လေ။ အဲဒါက စာအုပ်များထဲတွင် မျက်နှာမအိုသည့် အပျိုချောကလေးတစ်ယောက် ရှိသည်တဲ့။ တစ်နေ့ကျရင် ကျွန်တော့်အတွက် ရုပ်ချောတဲ့

mgyoe.com

mgyoe.com


ဧနီးမယား ရှာတွေ့လာမှာပါ” ဟု ပြန်ပြောလေ့ရှိသည်။

ထိုသို့ဖြင့် တစ်နှစ်တာ အချိန်ကာလသည် ကုန်ဆုံးသွားလေသည်။ သို့သော် သူသည် အိမ်ထောင်မကျသေးပေ။ လူတွေက သူ့ကို နောက်ပြောင်ကြကုန်သည်။

“အခုထက်ထိ စာအုပ်တွေထဲက မိန်းကလေးရှာတာ မတွေ့သေးဘူးလားကွ။ ဘယ်လောက်ကြာကြာ ဆက်ရှာနေမှာတုံး”

လူတွေ၏ သူ့အား နောက်ပြောင်မှုကို စိတ်အနှောင့်အယှက်မဖြစ်ပေ။ တစ်နေ့တွင် စာအုပ်ထဲမှ မိန်းမချောကလေးသည် သူ့ထံသို့ ဧကန်မုချရောက်ရှိလာလိမ့်မည်ဟု တထစ်ချ ယုံကြည်ထားလေသည်။

တစ်ည သူသည် သမိုင်းစာအုပ်တစ်အုပ်ကို ဖတ်နေစဉ် စာမျက်နှာများကြားတွင် မိန်းမချောကလေး၏ ရုပ်ပုံတစ်ပုံကို ရုတ်တရက် တွေ့မြင်လိုက်ရသည်။ ရုပ်ပုံမှာ သရုပ်ပါ၍ အစစ်ကဲ့သို့ထင်ရသည်။ သူသည် မိန်းမချောကလေး ရုပ်ပုံပါသည့် စာမျက်နှာကို မပျောက်သွားအောင် လက်ဖြင့် ဆွဲထားသည်။ သူသည် ရုပ်ပုံကို အချိန်အတော်ကြာ စိုက်ကြည့်နေမိသည်။ မျက်စိညောင်းလာမှ ရပ်သည်။ ထို့နောက် သူသည် မိန်းမချောကလေး ရုပ်ပုံပါသည့် စာအုပ်ကိုဖြန့်ကာ စားပွဲပေါ်တင်လိုက်သည်။

ထိုအခါ အလွန်ထူးဆန်းသော အဖြစ်အပျက်တစ်ခုသည် ပေါ်ပေါက်လာလေသည်။ ရုပ်ပုံထဲမှ မိန်းကလေးသည် သူ့ကို ပြုံးပြနေသည်ဟု စိတ်ထဲတွင် ခံစားမိလေသည်။ သူသည် ရုပ်ပုံကို ထပ်ကြည့်လိုက်သည်။ ထိုအခါ မိန်းကလေးသည် ရုပ်ပုံထဲမှ ထွက်လှမ်းလာသည်ကို အံ့သြဖွယ် တွေ့မြင်ရလေသည်။

လောင်ယောက်ချူသည် မျက်စိကို အသာကလေးမှိတ်၍

mgyoe.com

mgyoe.com


"ဒါ၊ ငါအိပ်မက်မက်နေတာ ဖြစ်ရမယ်" ဟု တိုးတိုးရေရွတ်မိလေသည်။

ထို့နောက် သူသည် မျက်စိကို ဖွင့်လိုက်ရာ သူ့ရှေ့တွင် ရုပ်ပုံထဲမှ အမျိုးသမီးသည် စားပွဲပေါ်တွင် မတ်တတ်ရပ်နေသည်ကို တွေ့ရလေသည်။ မိန်းကလေး၏အရပ်သည် တစ်လက်မခန့် ရှိသည်။ မိန်းကလေး၏ကိုယ်ခန္ဓာသည် တဖြည်းဖြည်းနှင့် ကြီးလာလေသည်။ သူသည် စားပွဲပေါ်မှဆင်းလာ၍ အောက်သို့ရောက်လာသည်။ ထိုအခါကျမှ တကယ့်မိန်းကလေးအရွယ်အတိုင်း ဖြစ်လာသည်။ မိန်းကလေးသည် သူဖြစ်စေချင်သည့် ရုပ်ရည်ပြေပြစ်ချောမောလှသည့် မိန်းမလှကလေး ဖြစ်နေသည်။

ထို့နောက် လောင်ယောက်ချူက–

"အသင် နတ်သမီး၊ အသင် ဘယ်သူဘယ်ဝါဆိုတာ သိပါရစေ" ဟု ရိုသေလေးစားစွာ မေးလိုက်လေသည်။ ကြောက်စိတ်တော့ အနည်းငယ် ရှိသေးသည်။

ထိုအခါ နတ်သမီးက–

"ကျွန်ုပ်သည် ဘယ်တော့မှ အိုမင်းမှုမရှိတဲ့ နတ်သမီး ဖြစ်ပေတယ်။ စာအုပ်တွေထဲမှာ သင်ရှာဖွေပြီး မျှော်လင့်စောင့်စားနေတဲ့ သူဟာ ကျွန်ုပ်ပဲ၊ အခု သင့်လိုအင်ဆန္ဒတွေဟာ မှန်လာခဲ့ပြီ။ ကျွန်ုပ်သင့် ကြင်ရာဇနီးအဖြစ် ရောက်လာရခြင်းဖြစ်ပါတယ်" ဟု ပြောဆိုလေသည်။

ဤသို့ဖြင့် သူတို့နှစ်ဦးသည် လက်ထပ်လိုက်ကြပြီး အိမ်ထဲတွင် အတူတကွ နေထိုင်ကြလေသည်။ သို့သော် တစ်ယောက်ကို တစ်ယောက် စကားမပြောဆိုကြပေ။

mgyoe.com

mgyoe.com




လက်ထပ်ပြီး၍ ရက်အတန်ကြာသော် လောင်ယောက်ချူသည် သူ့စာအုပ်များကို လုံးဝမေ့သွားလေသည်။ သူသည် ဇနီးချောကလေးနှင့်အတူနေရ၍ ပျော်ရွှင်ဝမ်းမြောက်နေလေသည်။ သို့သော် နောက်ဆုံးတွင် တဖြည်းဖြည်းနှင့် စာပြန်ဖတ်လာလေသည်။ အပြင်သို့ သိပ်မထွက်တော့။ အိမ်ထဲတွင်သာ တစ်နေ့လုံးနေသည်။ သူသည် စာအုပ်များကို ဖတ်ရှုလေ့လာမှတ်သားနေစဉ် သူ့ဇနီးအား သူ့ဘေးနားတွင် ထိုင်နေရန် ပြောသည်။ ငြီးငွေ့ဖွယ်ဖြစ်သော်

mgyoe.com

mgyoe.com


လည်း သူ့ဇနီးသည် သူ့စကားကိုလိုက်နာသည်။ သို့သော် ဇနီးသည်က သူ့အား စာကိုချည်း အချိန်ကုန် မဖတ်ရန် သတိပေးသည်။

ထိုသို့ ပြောလေတိုင်း လောင်ယောက်ချူက–

"မင်းပြောတာ ငါတော့ နားမလည်ဘူး၊ ငါ စာဖတ်လို့ပဲ မင်းနှင့်ငါ ဆုံကြပြီး အခုလို အကြင်လင်မယားဘဝရောက်ခဲ့ရတာ မဟုတ်လား။ ဒါကို မင်း မေ့သွားပြီလား။ ဒီစာအုပ်တွေထဲကပဲ မင်းလာခဲ့တာ မဟုတ်လား၊ ငါ့ကို စာသိပ်မဖတ်ဖို့ ပြောတာ ဘာကြောင့်လဲ" ဟု သူ့ဇနီးကို ပြောလေသည်။

ထိုအခါ ဇနီးဖြစ်သူက–

"အခု ကျွန်မဟာ ရှင့်ဇနီးဆိုတာ မမေ့ပါနှင့်။ ကျွန်မ ရှင့်ကိုသာ ပေါင်းတာ၊ စာအုပ်တွေကို ပေါင်းတာ မဟုတ်ဘူး။ အရာရာဟာ ကန့်သတ်ချက်တော့ ရှိကြတာပဲ။ စားပွဲမှာပဲ တစ်နေ့လုံးထိုင်ပြီး အချိန်တွေ မဖြုန်းသင့်ဘူး။ စာအုပ်ဆိုတာ ဘဝရဲ့အစိတ်အပိုင်း တစ်ခုသာ ဖြစ်ပါတယ်၊ တစ်ဘဝလုံး မဟုတ်ပါဘူး။ တကယ့်ဘဝမှာလည်း လေ့လာသင်ယူစရာတွေ အများကြီးရှိ တယ်ဆိုတာကို ရှင်မမေ့ပါနှင့်" ဟု ပြန်ပြောသည်။

ထို့ကြောင့် လောင်ယောက်ချူသည် စာဖတ်သည့်အချိန်ကို လျှော့လိုက်သည်။ သို့သော် တစ်ခဏသာ။ သူ့ဇနီးစကားကို ဆန့်ကျင်ကာ အရင်အတိုင်း တစ်နေကုန် စာဖတ်နေလေတော့သည်။

တစ်ညတွင် လောင်ယောက်ချူသည် တစ်နေ့တာလုံး စာဖတ်ပြီးနောက် အိပ်ရာသို့ နောက်ကျ၍ ဝင်လေသည်။ ထိုအခါ အိပ်ရာတွင် သူ့ဇနီးမရှိသည်ကို တွေ့ရလေသည်။

mgyoe.com

mgyoe.com

သူသည် ဇနီးသည်အား အိမ်အနှံ့လိုက်ရှာသော်လည်း ဇနီးသည်ကို အရိပ်အယောင်မျှပင် မတွေ့ရတော့။

"သူ့ ငါ့ကို ထားခဲ့ပြီ။ သူ့စကားနားမထောင်မိလို့ ငါ့ကို ပစ်သွားပြီ" ဟု လောင်ယောက်ချူက ညည်းသည်။ စိတ်အလွန် ထိခိုက်သွားသည်။ ထို့ကြောင့် ဒူးထောက်ကာ နူတ်မှရေရွတ်ကာ သူ့ဇနီးအား ပြန်လာပါရန် တောင်းပန်ပြောဆိုနေသည်။ သို့သော် ဘာမှမထူးခြား။ ထို့ကြောင့် ထိုညတွင် တစ်ယောက်တည်း အိပ်ရလေသည်။ စိတ်မချမ်းမသာဖြစ်ကာ ခံစားနေရလေသည်။

သူသည် နောက်တစ်နေ့ အိပ်ရာမှ ထထချင်း သမိုင်းစာအုပ်ထဲမှ ရုပ်ပုံကို ချက်ချင်း သတိရလိုက်သည်။ ထို့နောက် သူသည် သမိုင်းစာအုပ်ကိုယူကာ သူ့ဇနီးအား ရုပ်ပုံထဲမှ ထွက်လာရန် ပြောသည်။ သို့သော် ဇနီးသည်ကား ရုပ်ပုံထဲက ထွက်မလာခဲ့ချေ။

လောင်ယောက်ချူသည် ငိုယိုကာ အဖန်တလဲလဲ တောင်းပန်သည်။ နောက်ဆုံးတွင် ဇနီးသည်သည် စာအုပ်ထဲမှ ထွက်လာကာ–

"ရှင် နောက် ကျွန်မစကားကို နားမထောင်ဘူးဆိုရင် ကျွန်မ ရှင်နဲ့ ဘယ်တော့မှစကားမပြောတော့ဘူး" ဟု သတိပေးလေသည်။

ထို့နောက် သူ့ဇနီးသည်သည် စစ်တုရင်နှင့် ဖဲချပ်များကို ဝယ်သည်။ လောင်ယောက်ချူအား စစ်တုရင်နှင့် ဖဲကစားနည်းကို သင်ကြားသည်။ သို့သော် လောင်ယောက်ချူသည် ထိုကစားနည်းကို စိတ်မဝင်စားချေ။ သူ့ဇနီးနှင့်အတူ ကစားရာ စိတ်မပါချေ။ ထို့ကြောင့် ကစား၍ မပြီးသေးမီ ထကြရသည်ချည်း ဖြစ်သည်။ ပြီးဆုံးအောင် မကစားနိုင်ကြ။

လောင်ယောက်ချူသည် စာကို ဆက်ဖတ်မြဲ ဆက်ဖတ်နေ

mgyoe.com

သည်။ သူ့ဇနီးနှင့် ဖဲရိုက်ကစားနေရင်း ခုံအောက်တွင် စာအုပ်ကို ဖွက်ကာ ခိုးဖတ်သည်။

တစ်နေ့တွင် လောင်ယောက်ချူ မရှိတုန်း သူ့ဇနီးသည် နတ်သမီးသည် ကွယ်ပျောက်သွားပြန်လေသည်။

ယခုအကြိမ်တွင် သူ့ဇနီးသည်ကို ပြန်လာဖို့ခေါ်ရသည်မှာ အချိန်အများကြီး ကြာသည်။ ပြင်းထန်သည့် ကတိစကားကို ပေးရသည်။

ဇနီးသည်နှင့်သူ စစ်တုရင် ကစားကြပြန်သည်။ လောင်ယောက်ချူသည် စိတ်ဝင်စားမှုမရှိ၍ အမြဲရှုံးသည်။ ထို့ကြောင့် ဇနီးက–

"ရှင့်ကို ကစားတာ တိုးတက်မှုရှိမရှိ တစ်ပတ်အချိန်ပေးမယ်။ အဲဒီလိုမှ ရှင် ဘာကစား ကစား မတိုးလာဘဲ ရှုံး ရှုံးနေမယ်ဆိုရင်တော့ ရှင် ကျွန်မကို နောက်တွေ့ရတော့မှာ မဟုတ်ဘူး" ဟု သတိပေးပြောကြားလေသည်။

ထို့ကြောင့် လောင်ယောက်ချူသည် စစ်တုရင်နှင့် ဖဲကစားနည်းကို ကျွမ်းကျင်အောင် လေ့လာသည်။ မကြာမီ သူသည် ကစားရာတွင် တော်လာသည်။ စစ်တုရင်ပွဲတွင် တစ်ခါနိုင်သည်။

ထို့နောက် သူ့ဇနီးသည် လောင်ယောက်ချူအား တူရိယာတစ်ခုကို တီးခတ်တတ်ရန် သင်ပြန်လေသည်။ တီးလုံးတစ်ခုကို တီးခတ်နိုင်ရန် သူ့အား ငါးရက်အချိန်ပေးသည်။ သူသည် တူရိယာကို ထပ်ခါတလဲလဲ တီးခတ်လေ့ကျင့်သည်။ တူရိယာ တီးခတ်ရသည်ကိုလည်း အလွန်ပျော်သည်။ တေးဂီတသည် သူ့အား ပျော်ရွှင်မှုပေးသည်ကို သိလာသည်။

mgyoe.com

mgyoe.com

သူတို့နှစ်ဦးသည် သောက်လိုက်၊ ကစားလိုက်နှင့် အချိန်များကို ကုန်လွန်ခဲ့ကြသည်။ လောင်ယောက်ချူသည် သူ့ဘဝသူ နှစ်သက်လာသည်။ ပိုပျော်လာပါသည်။ ထို့ကြောင့် နောက်ဆုံးတွင် သူသည် သူ့စာအုပ်များကို မေ့သွားတော့သည်။ သူ့ဇနီးက သူ့အား အပြင်သို့ထွက်၍ မိတ်ဆွေများနှင့်တွေ့ဆုံရန် တိုက်တွန်းသည်။ အိမ်ပြင်ခဏခဏထွက်၍ မကြာမီ သူ့မြို့တွင်သူ့အား လူသိများလာသည်။ သူသည် ယခုအခါ ယခင်ကကဲ့သို့ စာကြမ်းပိုး မဟုတ်တော့ချေ။

တစ်နှစ်အကြာတွင် သူ့ဇနီးသည် သားယောက်ျားကလေးတစ်ယောက်ကို မွေးဖွားလေသည်။ သူ့သားနှစ်နှစ်အရွယ်တွင် ဇနီးက သူ့အား–

"ကျွန်မ ရှင့်ကို သင်ကြားပေးခဲ့တာတွေလည်း များပြီ၊ သားယောက်ျားကလေးတစ်ယောက်ကိုလည်း မွေးပေးခဲ့ပြီးပြီ။ ဒါကြောင့် အခု ကျွန်မ ရှင့်ကိုခွဲသွားရမှာကို သိပ်စိုးရိမ်နေမိပါတယ်" ဟု ဝမ်းနည်းစွာ ဆိုလေသည်။

လောင်ယောက်ချူသည် သူ့ဇနီး၏စကားကိုကြားသော် လွန်စွာဝမ်းနည်းသွားကာ မျက်ရည်များ ကျလာလေသည်။ ထို့နောက် သူ့ဇနီးအား

"ငါတို့ သားလေးကိုငဲ့ညှာပြီး ထွက်ခွာမသွားပါနဲ့နော်" ဟု ညှိုးငယ်စွာ ပြောလေသည်။

သူ့ဇနီးသည် ရှိုက်ကြီးတငင် အချိန်အတော်ကြာအောင် ငိုကြွေး နေလေသည်။ သူ့ဇနီးအား စတင်တွေ့ရှိချိန်မှ ယခုအထိ ဤသို့ ငိုကြွေးသည်ကို တစ်ခါမျှမကြုံဖူးချေ။ ပထမဦးဆုံး ငိုကြွေးခြင်းပင်။ ထို့နောက် ဇနီးသည်သည် မျက်ရည်များသုတ်ကာ

mgyoe.com

mgyoe.com


"ရှင် ကျွန်မကို ဆက်နေစေချင်တယ်ဆိုရင်တော့ ရှင့်စာအုပ်တွေ အားလုံးကို ဖျက်ဆီးပစ်မှဖြစ်မယ်။ ဒါဆို ကျွန်မ ကျွန်မလာတဲ့နေရာကို ပြန်နိုင်မှာမဟုတ်တော့ဘူး" ဟု ပြောလေသည်။

ထိုအခါ လောင်ယောက်ချူက

"မင်း ဘယ်လိုပြောလိုက်တာလဲ။ ဒီစာအုပ်တွေဟာ မင်းရဲ့အိမ်လေး မဟုတ်ဘူးလား။ ဒါဖြင့် ဒီစာအုပ်တွေဟာ ငါ့ရဲ့ဘဝပဲ။ ငါ စာအုပ်တွေကို မဖျက်ဆီးနိုင်ဘူး" ဟု ပြန်ပြောသည်။

"ရှင် ရှင့်စာအုပ်တွေကို မဖျက်ဆီးဘူးဆိုတာ ကျွန်မ သိပါတယ်။ ကျွန်မ အနာဂတ်ကို မြင်နေရပါပြီ။ ဒီအတွက် ကံဆိုးတစ်ခုခုဖြစ်ပေါ်လာပါလိမ့်မယ်။ ဘာဖြစ်မယ်ဆိုတာကိုတော့ အခု ကျွန်မ မပြောနိုင်သေးဘူး။ ဒါကိုရှောင်လွှဲလို့လည်း ရမှာမဟုတ်ဘူး"

ဇနီးဖြစ်သူ စိတ်အားလျော့စွာ ဆိုသည်။

ထိုသို့ဖြင့် သူတို့နှစ်ဦးသည် နှစ်အတန်ကြာ လျှို့ဝှက်စွာအတူတကွ နေထိုင်ကြလေသည်။ လောင်ယောက်ချူတွင် ဇနီးရှိသည်ဟူ၍ မည်သူမျှ မသိရှိကြပေ။ တစ်ခါတစ်ရံ သူ့အိမ်နီးချင်းများသည် သူ့အိမ်ရှေ့မှ ဖြတ်သွားစဉ် အိမ်ထဲ၌ မိန်းမတစ်ယောက်၏ စကားပြောသံ၊ ရယ်မောသံများကို ကြားကြရသည်ဟု ဆိုသည်။ သူတို့သည် လောင်ယောက်ချူ၏အိမ်ထဲ၌ ထူးဆန်းသော တစ်စုံတစ်ရာရှိရမည်ဟု သံသယဖြစ်မိကြသည်။

ထို့ကြောင့် အိမ်နီးချင်းတစ်ဦးက လောင်ယောက်ချူအား သူကြားသိရသည့်အကြောင်းကို မေးမြန်းသည်။ လောင်ယောက်ချူသည် လိမ်ညာမပြောချင်ပေ။ ထို့ကြောင့် သူသည် ခပ်မဆိတ်သာ

mgyoe.com

mgyoe.com

နေခဲ့သည်။ ထို့ကြောင့် အိမ်နီးချင်းသည် လောင်ယောက်ချူအား ပို၍ သံသယဖြစ်လာသည်။ ထိုသို့ဖြင့် လောင်ယောက်ချူနှင့် ထူးဆန်းသောမိန်းကလေး၏အကြောင်းသည် တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ထိုသတင်းကို တစ်မြို့လုံးလိုလို ပြောဆိုနေကြသည်။ နောက်ဆုံး ထိုသတင်းသည် မြို့ဝန်မင်းနားသို့ပါ ပေါက်ကြားသွားလေသည်။

မြို့ဝန်သည် ယုတ်မာသူဖြစ်သည်။ လောင်ယောက်ချူ၏ ထူးဆန်းသောဇနီးအား ခေါ်ဆောင်လာရန် သူ့အမှုထမ်းများအား အမိန့်ပေးသည်။ လောင်ယောက်ချူ၏ မျက်နှာအမြဲနုပျိုနေသည့် နတ်သမီးကလေးသည် ထိုသတင်းစကားကို ကြားသိသွားလေသည်။ မြို့ဝန်မင်း၏အမှုထမ်းများ သူတို့အိမ်သို့ ရောက်လာသောအခါ နတ်သမီးကလေးမှာ အိမ်တွင် မရှိတော့ချေ။ ပျောက်ကွယ်သွားပြီ ဖြစ်သည်။

မြို့ဝန်မင်းသည် အလွန်ဒေါသဖြစ်သွားသည်။ ထို့ကြောင့် ခင်ပွန်းဖြစ်သူ လောင်ယောက်ချူ၏အိမ်သို့သွားကာ ထူးဆန်းသော မိန်းကလေးအား အိမ်အနှံ့ရှာဖွေသည်။ မတွေ့။ မိန်းကလေးသည် အိမ်ထဲတစ်နေရာရာတွင် ပုန်းအောင်းနေရမည်ဟု ယုံကြည်နေသည်။ ထို့ကြောင့် အိမ်ကို မီးတင်ရှို့သည်။

ထိုအခါ အိမ်ထဲရှိစာအုပ်များအားလုံး မီးလောင်ကျွမ်းကုန်သည်။ မီးတောက်မီးလျှံများကြားတွင် စာအုပ်များသည် ပြာဖြစ်သွားကြသည်။ မီးခိုးလုံးများသည် အိမ်ပတ်ပတ်လည်တွင် အချိန်အတော်ကြာရှိနေသည်။

မကြာမီ လောင်ယောက်ချူသည် ထောင်မှ လွတ်လာသည်။

mgyoe.com

mgyoe



သို့သော် သူ့ဘဝသည် ကြေကွဲဖွယ်ကောင်းလှသည်။ ယခု သူ့ဇနီးသည်၊ စာအုပ်များအားလုံးနှင့် သူတို့အိမ်တို့သည်မရှိကြတော့။ ဆုံးရှုံးသွားပြီဖြစ်သည်။ သူထောင်ကျနေစဉ် ကြင်နာသနားတတ်သည့် အိမ်နီးချင်းတစ်ဦးက သူ့သားကိုထိန်းသိမ်းစောင့်ရှောက်ထား၍သာ သူ့မှာ သားတစ်ယောက်သာ ကျန်ရှိတော့သည်။

လောင်ယောက်ချူသည် သူ့သားကိုခေါ်ကာ မြို့မှထွက်ခွာသွားလေသည်။ ထို့နောက် နောက်ထပ်သူ့သတင်းအစအနကို ဘာမျှမကြားရတော့ပေ။

mgyoe.com

mgyoe.com

မကြာမီအချိန်တွင် မြို့ဝန်မင်း၏ ထူးဆန်းသောဖြစ်ရပ်သည် ပေါ်ပေါက်ခဲ့သည်။ တစ်မနက်ခင်းတွင် မြို့ဝန်မင်းသည် အိပ်ရာပေါ်တွင် ထူးဆန်းစွာ သေဆုံးနေသည်ကို တွေ့ရလေသည်။ သူသည် စာအုပ်ပုံကြီးကြားတွင် စာအုပ်များဖုံးလွှမ်းလျက် သေဆုံးနေခြင်း ဖြစ်သည်။ ထိုစာအုပ်များ မည်သည့်နေရာမှ ရောက်ရှိလာသည်ဆိုသည်ကိုမည်သူမျှ မပြောဆိုနိုင်ကြပေ။ ထူးဆန်းသောသေခြင်းတစ်ခုအဖြစ် ပြောစမှတ်ပြုကျန်ရစ်ခဲ့လေသည်။

❐

mgyoe.com

mgyoe.com

# လူထူးလူဆန်းနှင့် ကြမ္မာဆိုးကျောက်တုံး

*[ယခု လူထူးလူဆန်းနှင့် ကြမ္မာဆိုးကျောက်တုံးဝတ္ထုမှာ ပိုးချောင်လင်း၏ Lui Chai Chi Yee တရုတ်ဂန္ထဝင်ကျမ်းမှ ဝတ္ထုများကို Benjamin Chai အင်္ဂလိပ်ဘာသာသို့ပြန်ဆိုသည့် Chinese Tales Of The Supernatural စာအုပ်မှ The Rare Rock ကိုပြန်ဆိုထားခြင်း ဖြစ်ပါသည်။]*

တစ်ခါက ဆားမြို့တော်မှာ ကျောက်တုံးကလေးတွေကို စုဆောင်းသည့်ဝါသနာပါသော လူတစ်ယောက်ရှိလေသည်။ သူ့အမည်မှာ ကေဝန်ဖေဖြစ်သည်။ ဤလောကတွင် သူကဲ့သို့ ကျောက်တုံးကလေးများ စုဆောင်းသည့်ဝါသနာပါသူမျိုးမှာ ရှားမှရှားသည်။ သူ့တွင် မိတ်ဆွေအပေါင်းအသင်းလည်း တစ်ယောက်မျှမရှိချေ။ သူ့အတွက် မိတ်ဆွေအပေါင်းအသင်းသည် အရေးမကြီးပေ။ ကျောက်တုံးကျောက်ခဲကလေးများကို ရှာဖွေရေးသည်သာ သူ့အတွက် အရေးကြီးပေသည်။

mgyoe.com

mgyoe.com





သူသည် စိတ်သဘောထားပြည့်ဝသူလည်း မဟုတ်။ အဝတ်အစားနှင့် စားသောက်ရေးတွင် ငွေကို သိပ်ခြိုးခြံသော်လည်း သူကြိုက်နှစ်သည့် ကျောက်တုံးတစ်တုံးတွေ့ပြီဆိုလျှင် ငွေဘယ်လောက်

mgyoe.com

mgyoe.com


ပေးရပေးရ ဝယ်ယူသည်။ ကေဝန်ဖေသည် ထူးဆန်းသောလူ တစ်ယောက်ပင် ဖြစ်သည်။

တစ်နေ့ သူသည် မြစ်ထဲ၌ ငါးမျှားနေစဉ် သူ့ငါးမျှားချိတ်၌ အလွန်လေးဟန်ရှိသော အရာဝတ္ထုတစ်ခု ချိတ်ငြိနေသည်ကို သတိပြုမိသည်။ သူသည် ငါးမျှားတံကို ဆွဲမလိုက်ရာ ငါးမျှားတံချိတ်တွင် ကျောက်တုံးတစ်တုံးပါလာသည်ကို တွေ့ရသည်။ ကျောက်တုံးသည် ရွှံ့များဖြင့် ပေကျံလျက် ရှိသည်။ ကျောက်တုံးကို မြစ်ရေနှင့်ဆေးကြောဖို့ ယူလိုက်ရာ ကျောက်တုံးမှာ အလွန်ပေါ့ပါးနေသည်ကို တွေ့ရလေသည်။

"ဒီကျောက်တုံး ဘာကြောင့် ဒီလောက်ပေါ့ရသလဲ"

ဟု သူက တွေးမိသွားသည်။

ကျောက်တုံးသည် အတန်ငယ်ကြီးသည်။ နှစ်ပေခန့် အရှည်ရှိသည်။ သူသည် ကျောက်တုံးတွင် ကပ်ငြိနေသော ရွှံ့များကို မြစ်ထဲမှ ရေကိုယူကာ ဆေးကြောသည်။ ကျောက်တုံးပေါ်မှ ရွှံ့များ ကင်းစင်သွားသည်။ ထိုအခါ ကျောက်တုံးတွင် အပေါက်ကလေးများစွာရှိနေသည်ကို တွေ့ရတော့သည်။

ကေသည် ကျောက်တုံးကို ဆေးကြောပြီးသောအခါ ကျောက်တုံးကို လက်ပေါ်တွင်တင်၍ သေသေချာချာ စစ်ဆေးကြည့်ရှုသည်။ ထိုကျောက်တုံးမှာ သူတွေ့မြင်ဖူးသမျှ ကျောက်တုံးများတွင် အရောင်အသွေးမျိုးစုံပါဝင်လျက် ရှိသည်။ ကျောက်ဂူရာပေါင်းများစွာရှိသည့် ကျောက်တောင်သေးကလေးနှင့် အလွန်တူသည်။ လမ်းကလေးတွေ၊ အချိုးအကွေ့တွေနှင့် တောင်ထိပ်ကလေးများ ပါရှိနေသည်။ သူသည် ရတနာကို တွေ့ရှိသူလို အလွန်

mgyoe.com

mgyoe.com


ပျော်သွားသည်။ အဆိုပါ ရှားပါးသော ကျောက်တုံးသည် သူ့အတွက် ရတနာတစ်ပါးပင် ဖြစ်သည်။

သူသည် လှေကိုကမ်းစပ်ဆီသို့ လှော်ခတ်ကာ ကမ်းစပ်သို့ ရောက်သော် အိမ်သို့အမြန်ပြေးလာခဲ့သည်။ ထို့နောက် သူသည် သူ့ကျောက်တုံးကလေးကိုထားရန် စားပွဲတစ်လုံးကို အကောင်းဆုံး သစ်သားဖြင့် ပြုလုပ်ပေးရန် မှာကြားလိုက်သည်။ ကျောက်တုံးကို စားပွဲပေါ်တင်၍ တစိမ့်စိမ့်ကြည့်ကာ သူ့ကျောက်တုံးလေးကို အမွှမ်းတင်နေမိသည်။

ကျောက်တုံးကလေးကလည်း အလွန်ထူးဆန်းသည်။ အပြင်ဘက်တွင် မိုးရွာလျှင် ကျောက်တုံးကလေး၏ ဂူပေါက်သေးကလေး အားလုံးတွင် မြူများဖြင့် အုံ့ဆိုင်းနေတတ်သည်။ အလွန်ဆန်းပြား၍ လှပသည့်ကျောက်တုံးကလေးပင်။

မကြာမီ ကေ၏ထူးဆန်းသော ကျောက်တုံးကလေးအကြောင်းကို တစ်ဆင့်စကား တစ်ဆင့်နားကြားကာ မြို့သူမြို့သားများအားလုံးသိရှိသွားကြသည်။ တစ်နေ့တွင် ချမ်းသာကြွယ်ဝ၍ တန်ခိုးအာဏာရှိသော လူကုံထံတစ်ဦးသည် ကေထံသို့ ရောက်ရှိလာသည်။ သူဌေးကြီးနှင့်အတူ သူ့ကိုယ်ရံတော်များလည်း ပါလာသည်။ သူဌေးကြီးက ကေအား သူ့ကိုထူးဆန်းသောကျောက်တုံးကလေး ပြရန် ပြောသည်။

ကေလည်း ကျောက်တုံးကလေးကို သူဌေးကြီးအား ပြရန် အခန်းထဲသို့ခေါ်သွားသည်။ သူဌေးကြီးသည် ကျောက်တုံးကို မြင်တွေ့သောအခါ သူ့ကိုယ်ရံတော်များအား လက်ပြ၍ အချက်ပေးလိုက်သည်။ ကိုယ်ရံတော်များသည် ကျောက်တုံးကို ယူဆောင်

mgyoe.com

mgyoe.com


ကာ ထွက်သွားကြလေသည်။ ကေက သူ့ကျောက်တုံးကလေးကို ပြန်လုသည်။ သို့သော် အားခွန်ဗလကြီးမားကြသည့် သူဌေးကြီး၏လူများက သူ့ကိုအဝေးသို့ရောက်အောင် တွန်းလှဲပစ်ကြသည်။ ထို့နောက် သူဌေးကြီးနှင့်လူများသည် အိမ်အပြင်ဘက်ရှိ မြင်းများကိုစီးကာ လျင်မြန်စွာ ထွက်ခွာသွားကြလေသည်။

သူသည် ဒေါသတကြီးနှင့် အံကြိတ်ကျန်ခဲ့ရုံမှတစ်ပါး ဘာမျှ မတတ်နိုင်တော့ချေ။

သို့သော် သူဌေးကြီးသည် ထူးဆန်းသော ကျောက်တုံးကလေးကို ကြာကြာမပိုင်ဆိုင်လိုက်ရပေ။ သူဌေးကြီးနှင့်သူ့လူများ မြစ်တစ်ခုကိုဖြတ်ကူးစဉ် ကိုယ်ရံတော်တစ်ယောက်၏လက်ထဲမှ ကျောက်တုံးသည် မြစ်ထဲသို့လွတ်ကျသွားကာ ရွှံ့မြစ်အတွင်းသို့ လျင်မြန်စွာ မြုပ်သွားခဲ့သည်။ ကိုယ်ရံတော်လည်း မြစ်ထဲသို့ ခုန်ဆင်းကာ ကျောက်တုံးကို ပြန်ရရန် ကြိုးစားသည်။ သို့သော် သူသည် ရေမကူးတတ်၊ မြုပ်လုမြုပ်ခင် ဖြစ်သွားခဲ့သည်။

သူဌေးကြီးသည် ရေငုပ်သမားများကို ငှားရမ်းကာ ရေထဲတွင် မြုပ်သွားသော ကျောက်တုံးကို ဆင်းဆယ်ခိုင်းသည်။ ရေငုပ်သမားများသည် ရေအောက်သို့ငုပ်၍ ကျောက်တုံးကိုရှာကြသော်လည်း မတွေ့ကြချေ။ နောက်ဆုံး သူဌေးကြီးက သူ့ကျောက်တုံးကို ရှာဖွေနိုင်သူအား ဆုချီးမြှင့်မည်ဟု ကြေညာကာ ကျောက်တုံးကို ပြန်လည်ရရှိရန် ကြိုးစားပြန်သည်။ လူအမြောက်အမြား မြစ်ထဲသို့ဆင်းကာ ကျောက်တုံးကိုရယူဖို့ ကြိုးစားခဲ့ကြသည်။ ရက်ပေါင်းများစွာကြာသည့်တိုင် ကျောက်တုံးကို တစ်ဦးတစ်ယောက်မျှ ရှာ၍မတွေ့ရှိကြပေ။

mgyoe.com

mgyoe.com


တစ်ပတ်ခန့်အကြာတွင် ကေသည် မြစ်နားက ဖြတ်လျှောက်သွားရာ အလွန်ရှားပါးသော သူ့ကျောက်တုံးကလေး ဆုံးရှုံးသွားခဲ့ခြင်းအတွက် ဝမ်းနည်းသွားမိသည်။ သူသည် မြစ်ကမ်းတွင် ရပ်ကာစီးဆင်းနေသော မြစ်ရေကို ကြည့်နေမိသည်။

ယနေ့တွင် မြစ်ရေသည် အလွန်ကြည်လင်လျက် ရှိနေသည်။ မြစ်ကြမ်းပြင်ရှိ ကျောက်ဆိုင်ကျောက်တုံးများကြားတွင် ငါးများ ကူးခပ်သွားလာနေသည်ကို တွေ့မြင်ရသည်။ ထိုအချိန်တွင် သူသည် သူတွေ့မြင်ဖူးသည့် အရာဝတ္ထုတစ်ခုကို ရုတ်တရက်လှမ်း တွေ့မြင်လိုက်ရသည်။ မြစ်ကြမ်းပြင်ပေါ်ရှိ အရာဝတ္ထုကား သူ့ကျောက်တုံးကလေးပင် ဖြစ်သည်။ သူသည် ချက်ချင်းပင် အင်္ကျီအဝတ်အစားများကိုချွတ်ကာ မြစ်ထဲသို့ ခုန်ဆင်းလိုက်လေသည်။

သူသည် မြစ်ကြမ်းပြင်ပေါ်ရှိ ကျောက်တုံးကိုယူလိုက်ကာ အပေါ်သို့ ပြန်တက်လာခဲ့သည်။ ထို့နောက် ကျောက်တုံးကို ကုတ်အင်္ကျီနှင့်ပတ်ကာ အိမ်သို့အမြန်ပြေးလာခဲ့သည်။ ယခုအခါတွင်တော့ သူသည် သူ့ကျောက်တုံးအကြောင်းကို ဘယ်သူ့ကိုမှ မပြောပြတော့ပေ။ သူသည် ကျောက်တုံးကို သူ့အိမ်အနောက်ဘက်ရှိ အခန်းကလေးထဲတွင်ထည့်၍ အခန်းကိုသော့ခတ်ထားလိုက်လေသည်။

တစ်နေ့တွင် သနားဖွယ် အဘိုးအိုတစ်ယောက်သည် သူ့အိမ်တံခါးဝသို့ရောက်ရှိလာကာ ကေ၏နာမည်ကြီးသော ကျောက်တုံးကလေးကိုကြည့်ပါရစေဟု တောင်းဆိုသည်။

ထိုအခါ ကေက

"ကျွန်ုပ်ရဲ့ကျောက်တုံးပျောက်တာ ကြာပါပြီ" ဟု ကျောက်တုံးပြန်လည်ရရှိသည်ကို ဖုံးကွယ်လိုက်ကာ လိမ်ညာပြောလိုက်သည်။

mgyoe.com

mgyoe.com


အဘိုးအိုက ပြန်ပြောသည်။

"ငါဟာ ကျောက်တုံးကလေးကို ကြည့်ချင်လို့ ခရီးမိုင်ပေါင်း အဝေးကြီးက လာခဲ့ရသူပါ။ အခု ကျောက်တုံးကလေးဟာ မင်းလက်ထဲမှာရှိပြီး မင်းဧည့်ခန်းထဲမှာရောက်နေတယ်ဆိုတာ ငါသိပါတယ်"

ကေက သူ့ကျောက်တုံးကလေးသည် ဧည့်ခန်းထဲမှာမရှိမှန်း သိ၍ အဘိုးအိုကို ဧည့်ခန်းအတွင်း ခေါ်ပြလိုက်သည်။

"ကျွန်တော့်ဆီမှာ ကျောက်တုံးမရှိတာ အမှန်ပါ။ ယုံပါ။ အဘိုး ကိုယ်တိုင်ကြည့်" ဟု ကေက ပြုံးပြီး ပြောလိုက်သည်။

ထို့နောက် အဘိုးအိုကို ဧည့်ခန်းသို့ ခေါ်လာကာ ပြသည်။ ကေသည် ဧည့်ခန်းအလယ်သို့ရောက်သော် ကျောက်တုံးကလေးအား စားပွဲပေါ်တွင်တွေ့ရ၍ အလွန်အံ့ဩတုန်လှုပ်သွားမိသည်။

အဘိုးအိုသည် ကျောက်တုံးဆီသို့သွားကာ ကျောက်တုံးကလေးအားလက်ဖြင့် ကိုင်ကြည့်ရင်း ချီးမွမ်းနေလေသည်။

ထို့နောက် အဘိုးအိုက

"ဒီကျောက်တုံးဟာ ငါတို့အမျိုးအနွယ် အဆက်ဆက်ကတည်းက ပိုင်ဆိုင်ခဲ့တဲ့ ကျောက်တုံးလေးပဲ။ အခု ငါတို့မိသားစုက ဒီကျောက်တုံးကလေးကို ဆက်လက်ထိန်းသိမ်းထားခဲ့တယ်။ ဒါပေမဲ့ လွန်ခဲ့တဲ့လေးနှစ်က အခိုးခံခဲ့ရတယ်။ အဲဒီကတည်းက ငါဟာ ဒီကျောက်တုံးကလေးကို ရှာဖွေခဲ့တယ်။ အခု ဒီမှာ ဒီကျောက်တုံးကလေးကို ပြန်တွေ့ရတော့ ငါဘယ်လောက်ဝမ်းသာနေသလဲဆိုတာ မပြောပြတတ်အောင်ပါပဲ။ ငါ ဒီကျောက်တုံးကို ပြန်ယူသွားရလိမ့်မယ်" ဟု ပြောလေသည်။

mgyoe.com

mgyoe.com


အဘိုးအိုရဲ၏စကားကိုကြားသော် ကေက ချက်ချင်းပင် "အဘိုးပြောတဲ့စကားတွေဟာ သိပ်မှားနေတယ်။ ဒီကျောက်တုံးဟာ အဘိုးတို့ ကျောက်တုံးလုံးဝမဖြစ်နိုင်ပါဘူး။ ကျွန်တော်ပိုင်တဲ့ ကျောက်တုံးပါ။ ကျွန်တော့်အဖေလက်ထက်တည်းက ပိုင်ဆိုင်ခဲ့တဲ့ပစ္စည်းပါ" ဟု ဆိုလေသည်။ အဘိုးအိုက အနည်းငယ်ပြုံး၍ ကေအား...

"ဒီကျောက်တုံးကို မင်းပိုင်တယ်ဆိုရင် ဘယ်လိုသက်သေပြမလဲ" ဟု မေးလိုက်လေသည်။

ကေ အနည်းငယ် ငိုင်တွေ သွားသည်။ ဘာပြန်ပြောရမည်ကို စဉ်းစားမရဖြစ်သွားသည်။ ထိုအခါ အဘိုးအိုကဆက်၍ မင်းသိချင်နေတဲ့ သက်သေတွေအားလုံးကို ငါပြရမှာပေါ့။ ဒီကျောက်တုံးမှာ အပေါက် ၉၂ ပေါက် ရှိပါတယ်။ မင်းကြိုက်သလို ရေကြည့်ပါ။ အကြီးဆုံးအပေါက်ကိုကြည့်ရင် ကောင်းကင်ကျောက်တုံးဆိုတဲ့ စာလုံးကို တွေ့ရပါလိမ့်မယ်" ဟု ဝင့်ကြွားစွာ ပြောပြလေသည်။

ကေသည် ကျောက်တုံးကို သေသေချာချာ စစ်ဆေးကြည့်ရှုသည်။ ထို့နောက် အကြီးဆုံးအပေါက်ထဲဝင်ကြည့်လိုက်ရာ အလွန်သေးငယ်သော စာလုံးဖြင့်ရေးထိုးထားသည့် ကောင်းကင်ကျောက်တုံးဟူသော စာလုံးကို တွေ့မြင်ရလေသည်။ ဆက်လက်၍ ကျောက်တုံးရှိ အပေါက်များကိုရေတွက်ကြည့်ရာ အဘိုးအိုပြောကြားသည့်အတိုင်း ကျောက်တုံးတွင် အပေါက် ၉၂ ပေါက်တိတိရှိနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရလေသည်။

"အဘိုးအိုပြောတာမှန်ပေမဲ့ ဒီကျောက်တုံးကို ပြန်ယူသွား

mgyoe.com

mgyoe.com


လို့ မရနိုင်ပါဘူး။ ပြန်ယူခွင့်လည်း မပြုပါဘူး”ဟု ကေက ပြောသည်။

ထိုအခါ အဘိုးအိုက ဒေါသအရိပ်အယောင်မရှိဘဲ “မင်းကြိုက်သလို ပြောပါ၊ ဒါပေမဲ့ ဒီကျောက်တုံးကို မင်းဆီမှာ ဆက်လက်ထိန်းသိမ်းထားဖို့ဆိုတာ မလိုအပ်တော့ပါဘူး” ဟု ပြန်ပြောလိုက်လေသည်။

ထို့နောက် အဘိုးအိုသည် ကေကို ဦးညွှတ်ကာ အိမ်ထဲမှ ထွက်သွားလေသည်။ ကေသည် အဘိုးအိုထွက်သွားသည်ကို တံခါးဝအထိ လိုက်ကြည့်ပြီးနောက် ဧည့်ခန်းသို့ပြန်လာရာ ကျောက်တုံးမှာ နေရာတွင်မရှိတော့ဘဲ ထူးဆန်းစွာ ပျောက်နေသည်ကို မြင်တွေ့ရလေသည်။ အဘိုးအိုသည် တော်တော်ဝေးဝေးနေရာသို့ မရောက်သေးပေ။ ကေသည် အဘိုးအိုနောက်သို့ ပြေးလိုက်သွားသည်။ သို့သော်လည်း အဘိုးအိုလက်ထဲတွင် ဘာတစ်ခုမှ ကိုင်ထားခြင်း မတွေ့ရပေ။

ကေက အဘိုးအိုကို ရပ်တံ့စေကာ

“အဘိုးကြီး၊ ကျွန်တော့်ကျောက်တုံးကို ဘာလို့ခိုးသွားရတာလဲ” ဟု ဒေါသတကြီးဖြင့် မေးလိုက်သည်။

အဘိုးအိုက–

“လူကလေး၊ မင်း ဘာတွေလာပြောနေတာလဲ။ ငါ့ဆီမှာ ကျောက်တုံးမရှိဘူးဆိုတာ မင်း မမြင်ဘူးလား၊ ဝှက်ပြီး သယ်ဖို့ဆိုတာ ကျောက်တုံးကြီးက ငါ့အတွက် သိပ်ကြီးလှပါတယ်” ဟု အေးဆေးစွာ ပြန်ပြောသည်။

အဘိုးအိုထံတွင် ကျောက်တုံးကြီးရှိပြီး အဘိုးအိုသည်

mgyoe.com

mgyoe.com
ကျောက်တုံးကြီးကို သူ့တန်ခိုးဖြင့် ဖုက်ထားသည်ကို ကေ သိသည်။ ကေသည် ဒူးထောက်ကာ ကျောက်တုံးကိုပြန်ပေးဖို့ တောင်းပန်သည်။

"ဒီကျောက်တုံးကြီးကို မင်းမပိုင်ဆိုင်တော့ဘူးဆိုတာ မင်းသိသွားပြီလို့ ငါထင်တယ်။ ဒီကျောက်တုံးဟာ ထူးခြားတဲ့ ကျောက်တုံးဖြစ်တယ်။ အနုပညာပစ္စည်းအဖြစ် ခံစားလို့ရသလို စားပွဲ ဒါမှမဟုတ် ထိုင်ခုံအဖြစ်လည်း အသုံးပြုလိုက သုံးနိုင်တယ်။ ဘာပစ္စည်း၊ ညာပစ္စည်းဆိုပြီး သတ်သတ်မှတ်မှတ်လုပ်လို့ မရဘူး။ ဘယ်သူမှ ကိုယ်ပိုင်ပစ္စည်းအဖြစ် ထားခွင့်မရှိဘူး။ ဒီကျောက်တုံးကို ပိုင်ဆိုင်တာက အလုကမ္ဘာကြီးပဲ။ ဥပမာပြောရရင် ဒီကျောက်တုံးဟာ ငါတို့ ညအခါ ကောင်းကင်မှာ တွေ့ရတဲ့ကြယ်ကလေးတွေနဲ့ သွားတူတယ်။ ကြယ်ကလေးတွေဟာ သိပ်လှကြတယ်။ ဒါပေမဲ့ အဲဒီကြယ်ကလေးတွေကို ဘယ်သူမှပိုင်ဆိုင်လို့ မရဘူး။ အဲဒီသဘောပေါ့ကွယ်" ဟု အဘိုးအိုက ရှည်လျားစွာ ရှင်းပြသည်။

ထိုအခါ ကေက–

"ဒီကျောက်တုံးကို ကျွန်တော် မပိုင်ဆိုင်တော့ဘူးဆိုတာ ကျွန်တော် သိပါတယ်။ ဒါပေမဲ့ ကျေးဇူးပြုပြီး ဒီကျောက်တုံးကို ကျွန်တော် သိမ်းဆည်းထိန်းသိမ်းထားခွင့်ပြုပါ" ဟု တောင်းပန်သည်။

အဘိုးအိုသည် ကေကို ကြည့်လိုက်သည်။ ကေ၏မျက်လုံးထဲတွင် ဝမ်းနည်းရိပ်ကို မြင်ရသည်။ အဘိုးအိုသည် သူ့ရှေ့တွင် ဒူးထောက်တောင်းပန်နေသော ကေကို သနားသွားသည်။

"လူကလေး၊ မင်းဟာ ဒီကျောက်တုံးကလေးအတွက် ဒုက္ခ

mgyoe.com

ပင်လယ်ဝေနေပါကလား။ ငါပြောမယ်၊ အမှန်တော့ ဒီကျောက်တုံးကို သိမ်းထားဖို့မကောင်းပါဘူး။ လာဘ်ကောင်းတဲ့အရာမဟုတ်ဘူး။ ဒါပေမဲ့ ဒီကျောက်တုံးသာ မင်းမှာမရှိရင် မင်းသေသွားမယ်ဆိုတာ ငါသိပါတယ်။ မင်းဟာ တော်တော်ထူးဆန်းတဲ့သတ္တဝါပဲ။ ဒီကျောက်တုံးဟာ မင်းအတွက် သိပ်အရေးပါ အရေးကြီးတယ်ဆိုရင်တော့ မင်းရဲ့အခန်းထဲမှာ ကျောက်တုံးကို ပြန်တွေ့ရလိမ့်မယ်" ဟု အဘိုးအိုက ပြောဆိုလေသည်။

ကေလည်း အဘိုးအိုကို ကျေးဇူးတင်ကြောင်းပြောကာ ပြန်ရန်ထလိုက်သည်။ ထို့နောက် အဘိုးအိုကိုကြည့်လိုက်သောအခါ အဘိုးအိုကို မတွေ့ရတော့ပေ။ နေရာမှ ကွယ်ပျောက်သွားပြီဖြစ်သည်။

တစ်ညတွင် သူခိုးတစ်ယောက်သည် ကေ၏အိမ်ကို ဖောက်ထွင်းကာ ထူးဆန်းသောကျောက်တုံးကို ခိုးယူသွားလေသည်။ သူခိုးသည် ကျောက်တုံးမှတစ်ပါး တခြားဘာပစ္စည်းမျှ ယူဆောင်မသွားပေ။ ကေသည် သူ့ကျောက်တုံးကို ရှာဖွေသည်။ အချည်းနှီးပင်။ နောက်ဆုံးတွင် ကေသည် စိတ်ပျက်သွားသည်။

နှစ်အနည်းငယ်အကြာတွင် ကေသည် ဘုရားရှိခိုးကျောင်းတစ်ခုတွင် ကျောက်တုံးရောင်းသူတစ်ဦးနှင့် ဆုံမိသည်။ ကျောက်တုံးရောင်းသူက အလွန်ရှားပါးသော ကျောက်တုံးများကိုရောင်းချင်သည်။ ကေက အကောင်းဆုံးကျောက်တုံးတစ်ခုကိုသာ ဝယ်ယူလိုက်သည်။

"ကျွန်တော်လိုချင်တာ ခင်ဗျားဆီမှာ မရှိဘူး" ဟု ကေက ပြောသည်။ ထိုအခါ ကျောက်တုံးရောင်းသူက

"ခင်ဗျားဟာ ကျောက်တုံးအစုအဆောင်း သိပ်ဝါသနာပါ

mgyoe.com

mgyoe.com

တယ်ဆိုရင် ကျွန်တော် ခင်ဗျားကို အကောင်းဆုံးတစ်ခုပြမယ်" ဟု ပြောဆိုလေသည်။

ထို့နောက် ကျောက်တုံးရောင်းသူသည် သေတ္တာထဲမှ ကျောက်တုံးတစ်တုံးကိုထုတ်ကာ ကေအား ပြလေသည်။ ကေသည် ကျောက်တုံးကိုမြင်သော် အလွန်ဝမ်းသာသွားသည်။ ထိုကျောက်တုံးသည် သူ့ကို ညပေါင်းများစွာ အိပ်မပျော်စေခဲ့သည့် ကျောက်တုံးကြီးဖြစ်သည်။ သူသည် ဝမ်းသာအားရဖြင့်

"ဒီကျောက်တုံးဟာ ငါ့ကျောက်တုံး၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်က သူခိုးတစ်ယောက် ငါ့အိမ်က ခိုးယူသွားတဲ့ ကျောက်တုံးဖြစ်တယ်။ ငါ အဲဒီကျောက်တုံးကို နေရာအနှံ့ ရှာဖွေခဲ့တယ်။ ခုတော့ တွေ့ပြီ" ဟု ဆိုသည်။

ထိုသို့ဖြင့် ကေနှင့်ကျောက်တုံးရောင်းသူသည် အငြင်းပွားကြရင်း နောက်ဆုံး ရဲစခန်းသို့ရောက်ရှိသွားကြသည်။ ကေက ကျောက်တုံးကိုပြန်ရရှိဖို့ ရဲအရာရှိအား ယုံလောက်သည့် သက်သေအထောက်အထားများပြသကာ ရှင်းလင်းပြောကြားသည်။ ကျောက်တုံးရောင်းသူကလည်း ငွေဆယ်ဒင်္ဂါးဖြင့် ဝယ်ယူခဲ့ကြောင်း၊ ကျောက် တုံးကို ခိုးယူခဲ့ခြင်းမဟုတ်ကြောင်း ရှင်းပြသည်။

နောက်ဆုံးတွင် ကေသည် သူ့ကျောက်တုံးကို ပြန်လည်ရရှိသွားသည်။ ကေသည် ကျောက်တုံးကို ပိုးထည်ဖြင့် ပတ်ကာ သော့နှစ်ထပ်ခတ်၍ သေတ္တာထဲတွင် သေချာစွာ သိမ်းဆည်းထားလိုက်သည်။ သူသည် လူတွေအိပ်ပျော်နေချိန်၌ သူ့ကျောက်တုံးကလေးကို ထုတ်ယူကာ အားရပါးရကြည့်ရှုသည်။

တစ်နေ့တွင် သူတို့မြို့ အရေးပါသော အရာရှိကြီးတစ်ဦး

mgyoe.com

mgyoe.com




သည် သူ့ကျောက်တုံးအကြောင်း ကြားသိထား၍ သူ့ထံသို့ရောက်ရှိလာသည်။ ကေအား သူ့ကိုကျောက်တုံးပြရန် ပြောသည်။ ကေက သူ့ကျောက်တုံးကို ထုတ်ပြသည်။ အရာရှိကြီးက ကျောက်တုံးကို ရွှေဒင်္ဂါးတစ်ရာဖြင့် ဝယ်ယူမည်ဟုစကားဆိုသည်။

mgyoe.com